ရွှေကူမေနှင်း

# မြေပေါ်တွင် ... သူပဲရှိလို့သာခင်



"ရန်ကုန်" စတူဒီယိုခြံထဲမှ ထွက်လာခဲ့သည် ။

အင်းလျားလမ်းသည် သန့်ပြန့်၍ နေ၏။ လမ်းလယ်နေရာ၌ အတန်ငယ် မြင့်နေသဖြင့် မိုးရေတို့ သည် လည်း လမ်းဘေးနှစ်ဖက်သို့ ဖြာကျစီးဆင်းသွားကြသည် ။ ကတ္တရာလမ်းသည် အထပ်ထပ် ဆေးကြောခြင်း ခံထားရသဖြင့် ချောမွတ်ပြောင်လက်လျက် ရှိသည် ။ လမ်းဘေးသဲလမ်းလေးမှာ မိုးရေစီးကြောင်းများ အရာထင်နေ၏။ ကျောက်စရစ်ခဲငယ်အချို့က မိုးရေပေါက်များ ဒဏ်ကြောင့် သဲလမ်းထဲမှာ တစ်ဝက်နစ်နေလေသည် ။

နစ်ဝင်နေသော ကျောက်ခဲတစ်လုံးကို ဖိနပ်ဦးလေးနှင့် ကော်ကြည့်ရင်း နှုတ်ဆက်လိုက်သည် ။

ရတနာ ... ရတနာ ...

နှင်း ရင်ထဲမှာ ငယ်ပေါင်းငယ်ချစ်အဖြစ် နှစ်ပေါင်းများ စွာ ခိုအောင်းနေခဲ့သော ရတနာ။

ရတနာသည် ဘာမှ မပြောင်းလဲ။ ဆေးရောင်လည်း အဖြူသစ်သစ်၊ သစ်ပင်များ လည်း အစိမ်းရင့်ရင့်၊ ဩော် ... တစ်ခုပဲ ပြောင်းနေသည် ။ ကော်ရစ်ဒါ ... ဝရန်တာပေ့ါ။ ကော်ရစ်ဒါသည် ယခင်ကလို လွတ်လွတ်လပ်လပ် မဟုတ်တော့။ ကော်ရစ်ဒါအုတ်ခုံပေါ်မှာ သံဇကာတွေ ပိတ်လို့ပါလား။ ယခင်ကတော့ အောက်ဆုံးထပ်ကိုပဲ သံဇကာ ပိတ်သည် ။ အလယ်ထပ်တို့ ၊ အပေါ်ဆုံး ထပ်တို့ မှာ တင်ပလ္လဲထိုင်ပြီး မာရီဘသန်းတစ်

ယောက် ပလွေမှုတ်နိုင်ခဲ့သည် လေ။ နှင်းတို့ မိန်းကလေး ငယ်တစ်စု ...။ မေးတင်ပြီး ဧည့်သည် မျှော်နိုင်ခဲ့သည် လေ။ ခုလို သံဇကာအပိတ်ကြီးနှင့်ဆိုတော့ ဘာပဲဖြစ်ဖြစ် ကဗျာမဆန်တော့ဟု ထင်သည် ။ အေးလေ အခြေအနေအရကိုး။

ရတနာကို ရှေ့တည့်တည့်မှ ကြည့်သည် ။ ဘေးခပ်စောင်းစောင်းမှ ကြည့်သည် ။ ရတနာကား လှပဆဲ။

မိုးဖွဲလေးများ ကျလာ၏။

ဝင်းတံခါးနားမှ ကုံကော်ပင်ရိပ်ထဲ ဝင်ခိုလိုက်သည် ။ မွှေးပျံ့သောအနံ့တစ်ခု။ အို ... ဟုတ်တာပေါ့၊ အကျော် ... အကျော်တွေ ပွင့်နေပြီ။ စောစောက ရတနာ့ကို ကြည့်ရသဖြင့် ခြံဝင်းထောင့်မှ အကျော်ကို သတိမထားမိ။ အကျော်ကား မိုးနှောင်းကောင်းကင်ဝယ် ဖွေးဖွေးလှုပ် ပွင့်၍နေသည် ။ အကျော်ကိုမြင်မှ တစ်ခု သတိရ၏။ စိန်ပန်းဝါ ရောဟင်၊ အဲ ... စိန်ပန်းပြာရော ... တစ်ခုမှ မရှိကြတော့ပါလား၊ အရင်ကဆိုလျှင် အကျော်က ငယ်သေးသည် ။ မပွင့်တတ် ပွင့်တတ်နှင့်၊ မပီမသနှင့်။ ထည်ထည်ကြီးပွင့်ပြီး ဖောဖောသီသီ ကြွေပြခဲ့သည် က စိန်ပန်းဝါပဲ၊ အကျော်နှင့်ကပ် လျက်ပေါ့။ ပြီးတော့ ... ရတနာ့နံရံမှ လက်လှမ်း၍ မီသောနေရာမှာ နာမည်ကြီး စိန်ပန်းပြာ၊ ခုတော့ ... တစ်ခုမှ မရှိကြတော့။

'မမန္တ့ရေ ... ပြောင်းလဲကုန်ပြီတော့'

မျက်ရည်စကို မျက်တောင်နှင့် ခတ်ယူထုတ်ပစ်ရင်း၊ ရင်ထဲမှာ အားကုန်အော်မိသည် ။

'မိဋ္ဌေးယဉ် ... သူငယ်ချင်းရေ ...၊ နင်ကောက်ချင်တဲ့ စိန်ပန်းပြာပင် မရှိတော့ဘူးဟဲ့'

‘အဲတော် … ဒီကုံကော်ပင်ခြေရင်းက အုတ်ခုံလေးလည်း မရှိတော့ပါလား၊ မိသွယ်ရေ … နင်စွဲလမ်းတဲ့ အသံရှင်ရဲ့ ထိုင်ခုံလေးတောင် ပျောက်ပျက်သွားပါပကောလား’

နှင်းက ရင်ထဲကအသံများ ငြိမ်သွားအောင် တံတွေးမျိုချလိုက်၏။ မျက်ရည်ကြည်များ ခမ်းသွားအောင် မျက်လုံးကို ခဏမှိတ်ထားလိုက်၏။

နှင်းမျက်လုံးများ ပြန်ဖွင့်လိုက်သောအခါ …

ရတနာ၏ ပေါ်တီကိုအောက်၌ မမန္တ၊ မိဒွေးယဉ်၊ ခင်လှမြင့်၊ မမြကြည်၊ မိကြင်ယုံ၊ ခင်ခင်သောင်း၊ ဂရေစီ၊ အိုင်ရင်းမြင့်မြင့်သန်း၊ မြင့်မြင့်ငြိမ်း၊ ခင်သိန်းစိန်အား … အရိပ်တွေမှ မနည်းပါလား။ ထိုအထဲတွင် နှင်းကြင်နာရသော ‘မိသွယ်’၊ မိသွယ်မျက်နှာသည် အညှိုးဆုံး။

***

၁၉၅၉ ခုနှစ်၊ ဇွန်လ

‘ဒီနေ့ … ရတနာရဲ့ သမီးအသစ်များကို ကြိုဆိုတဲ့ Fresher’s Welcome အခမ်းအနားမှာ ၊ မမကြည်အနေနဲ့ အထွေအထူး ရှည်ရှည်ကြီး ပြောဖို့ မရှိပါဘူး၊ သမီးတွေအားလုံးကို မမချစ်တယ်၊ သမီးတွေအားလုံး ချစ်ချစ်ခင်ခင်နေကြ၊ တစ်ယောက်ကို တစ်ယောက် မိဝေးဖဝေး နေရတာချင်း အတူတူ ကူညီကြ၊ ကိုယ်ချင်းစာကြ၊ ဘာပဲအကူအညီလိုလို၊ မမကြည်ကိုပြောကြ၊ မမကြည်ဆီ မလာနိုင်ရင် မမသီရှိတယ်၊ မမလှရှိတယ်၊ သူတို့ လည်း အစ်မတွေပဲ၊ တိုင်ပင်ကြ၊ အကူအညီတောင်း ကြ၊ သမီးတို့ အားလုံး ပျော်ရွှင်အောင်မြင်ကြပါစေလို့ မမကြည် ဆန္ဒပြုပါတယ်’

‘ဖြောင်း ... ဖြောင်း ... ဖြောင်း’

ရတနာဆောင်၏ ထမင်းစားဆောင်တစ်ဆောင်လုံး ဆူညံသွားသည် ။ နှင်းလည်း လက်ဖဝါးလေးများ နီရဲသွားသည် အထိ လက်ခုပ်တီးလိုက်သည် ။ တချို့က ရှေ့ရှိ ထမင်းစားပွဲကို ပုတ်ကြသည် ။ အားလုံးပျော်နေသဖြင့် အဆောင်မှူး မမကြည် ပြုံးနေလေသည် ။ မမကြည်သည် ဝဝဖိုင့်ဖိုင့် အရုပ်ပုပု ဖြစ်သည် ။ မျက်လုံးများကျယ်ပြီး မျက်ခုံးထင်းထင်းနှင့်မို့ မှတ်မိလွယ်သော မျက်နှာမျိုး ဖြစ်၏။ အနည်းငယ်အရုပ်ဆိုးသယောင် ထင်ရပေမယ့် သဘောကောင်းမည့် လက္ခဏာကလည်း ထင်ရှားနေပေသည် ။

မမကြည်၏ ဝဲဘက်မှာ မမသီရှိသည် ။ မမသီကား မမကြည်ထက် ငယ်သည် ။ နုသည် ။ ဆံပင်မှာ သဘာဝလှိုင်းလေးများ နှင့်မို့ အမောက်လုပ်ထားလျှင် လှမည့်ဆံပင်များ ဖြစ်သော်လည်း မမသီကား ဆံပင်ကို နဖူးပြောင်အောင် ဖြီးထားသည် ။ အသားခပ်လတ်လတ်မို့ မမသီဝတ်ထားသော ရှုန်သားအဝါနုရောင်အင်္ကျီသည် မီးရောင်အောက်၌ ဝါဝင်းနေလေသည် ။

မမသီဘေး၌ ထိုင်သော အခြားဟောကျူတာမှာ ညက်စိလေးဖြစ်သည် ။ မမလှဟု ခေါ်သည် ။ ကိုယ်လုံးကိုယ်ပေါက်က နှင်းတို့ ထက်ပင် သေးကွေးကြုံလှီသေးသည် ။ ဆံထုံးကြောင့်သာ ဆရာမဟု သတ်မှတ်ရခြင်း ဖြစ်၏။ မာစတာတန်း တက်ဆဲမို့ သူလည်း ကျောင်းသူတစ်ပိုင်းဟု သတ်မှတ်နိုင်သည် ။ မျက်နှာထားတင်းတင်းနှင့်မို့ နှင်းတို့ သိပ်မချည်းကပ်ရဲ။

‘ကဲ ... သမီးတို့ ၊ မမတို့ အစီအစဉ်ကတော့ ထူးထူးခြားခြား မရှိပါဘူး၊ ခု ထမင်းစားပြီးပြီ၊ နောက်ဆက်တွဲက ဖျော်ဖြေရေးပဲ၊

ဘယ်တီးဝိုင်းမှ ငှားမထားဘူး၊ သဟာရနဲ့ စာဖတ်သင်းလည်း ပြန်မဖွဲ့ရသေးလို့ ၊ ဘယ်သူ့မှ လည်း တာဝန်ပေးမထားပါဘူး၊ ဒီတော့ … အပျော်တမ်း တင်ဆက်ကြဖို့ ပဲ ဖိတ်ခေါ်ပါရစေ၊ မမသီးတွေထဲမှာ ရေချိုးခန်း မင်းသမီးတွေ အများကြီးရှိတာပဲ၊ ကဲ … သီချင်းတစ်ပုဒ်လောက် ကြားကြရအောင်ဟေ့၊ ဩော် … ဟောဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ တို့ အမျိုးသမီးဆောင်ရဲ့ တစ်ဦးတည်းသော အမျိုးသားဧည့်သည် လေ၊ ကိုနေဝင်းတဲ့ ၊ ဝင်ဒါမီယာ ကရက်ဆင့် အသံလွှင့်ရုံကပဲ၊ အဲဒါသမီးတို့ အဆိုကောင်းရင် သူက အဆိုတော်အဖြစ် ခေါ်သွားမှာ ’

အားလုံး တစ်ယောက်တစ်ပေါက်နှင့် ဆူညံသွားသည် ။

အသံလွှင့်ရုံကလူရှေ့ သီချင်းဆိုပြရမည်ဆိုတော့ စိတ်ဝင်စားစရာကောင်းသား။ အဆိုကောင်း လျှင် ရေဒီယို အဆိုတော် ဖြစ်သွားနိုင်သည်ဆိုပဲ။ နှင်းရင်ထဲမှာ အတော်လှုပ်ရှားလာသည် ။

ဟော … ရှေ့နားက အုပ်စုလှုပ်လှုပ် လှုပ်လှုပ်နှင့်ပါလား။ ဩော် … အမျိုးသမီးတစ်ယောက် ကို တွန်းထုတ်နေကြတာကိုး။ တွန်းထုတ်ခံရသူက မျက်နှာ ရှက်ကိုးရှက်ကန်း။

‘ဆိုပါဗျို့ ’

ဘယ်သူ့အသံမှန်းမသိ။ ပွဲတောင်းသံ ထွက်လာသည် ။

အချိန်အနည်းငယ်အတွင်း အမျိုးသမီးက ရှေ့မြင်ကွင်းထဲရောက်သွားလေသည် ။ သူက မျက်နှာပေါ်က ဆံယဉ်စများကို သပ်တင်ပြီး မျက်နှာပိုးသတ်၏။

‘ကျွန်မ နာမည် ယဉ်ယဉ်ဆွေပါ၊ အုတ်ဖိုက ဖြစ်ပါတယ်၊ ကျွန်မ ခုသီဆိုမယ့် သီချင်းကတော့ … ဥက္ကလာ ဒဂုံတိုင်းဆီ ဖြစ်ပါတယ်ရှင်’

အလို သူသည် စကားကို ရဲဝံ့လည်ပတ်စွာ ပြောဆိုပါလား၊ ပွဲတိုးဖူးသူ ဖြစ်ရမည်။

ယဉ်ယဉ်ဆွေကို နှင်း အားကျစွာ ငေးကြည့်၏။ ဒဂုံခင်၏ ဥက္ကလာ ဒဂုံတိုင်း သီချင်းကို အကျအန ဆိုနေသည် ။ မမကြည် မျက်နှာကလည်း ပြုံးနေသည် ။ ကိုနေဝင်းဆိုသူကလည်း သဘောကျနေပုံရသည် ။

ယဉ်ယဉ်ဆွေ သီချင်းဆို၍ ပြီးသွား၏။

'ဥက္ကလာသီချင်း ပြီးရင် အုတ်ဖိုသီချင်း ဆက်ဆိုပါ'

နောက်နားက အသံထွက်လာသဖြင့် လှည့်ကြည့်ရသည် ။ ဝဝတုတ်တုတ်၊ မျက်နှာ စပ်ဖြီးဖြီးနှင့်။ သူက ကျောင်းသူအသစ် ဖြစ်ဟန်မတူ၊ အတော်စွာသည် ။ (နောက်မှ သူ့ကို ခင်ခင်သောင်းအဖြစ်၊ ပွေဖော် ပွေဖက်အဖြစ် ခင်မင်သွားရသည် ။)

ဟော ... ထွက်လာပြန်ပြီ။

သူက ... မိုလ်ဆန်ဆန်၊ ဆံပင်က ပိုနီတေးလ် မြင်းမြီးနှင့်၊ မျက်နှာက မိတ်ကပ်ရဲရဲ၊ အဝတ်အစားက ဟောတော့ ... ဘောင်းဘီကြီးနဲ့ ပါလား။

နှင်းမှာ အံ့သြ၍ ချည်းသာ နေရသည် ။

ခေါင်းခါခါ၊ လည်ခါခါနှင့် ဘောင်းဘီဝတ် အမျိုးသမီးက မျက်နှာကို ခပ်မော့မော့ လုပ်ထားသည် ။ ပရိသတ်ကို ခါးညွတ် အလေးပြုသည် ။

'ကျွန်မကတော့ ဟယ်လင်ပါ။ Room နံပါတ် ဝမ်း ဝမ်း ဖိုက်ပါ၊ ခု ... ကျွန်မ သီဆိုမယ့် သီချင်းက ... အားလုံး နှစ်ခြိုက်ကြမယ်ထင်တဲ့ River of no treturn ပါရှင်'

လက်ခုပ်သံတဖြောင်းဖြောင်း ညံသွားပြန်သည် ။

'ရေးဗားအော့ဖ် နိုးရီတန်း၊ ကမ်းမော် ... ဝဲလ်ကမ်း'

ခင်ခင်သောင်းက စိတ်ပါလက်ပါ အော်သည် ။

ခုံပုတ်သံများ အဆက်မပြတ် ထွက်လာ၏။

'ဟယ်လင်ကွ ... ဟယ်လင်'

'မာရီလင်ပါကွ၊ မွန်ရိုးဟော့'

ယောက်ျားလေးများ မရှိတော့လည်း မိန်းကလေးများ သည် ယောက်ျားလေးများ နှယ်ပင်။ အော်ဟစ် ပျော်ပါးတတ်ကြပါလားဟု နှင်းတွေးမိလာသည် ။ တစ်ဆက်တည်းမှာ ပင် အလိုလေး ... အမေသာမြင်လျှင် ဘယ့်နှယ်မိန်းကလေးတွေလဲ၊ ဒီလောက် အော်ဟစ်နေရလားဟု ရင်သပ်ပေမည်။ အမေက မိန်းကလေးဆို အသံပင် ထွက်၍ မရယ်ရတဲ့ ။ ရယ်လောက်သောကိစ္စ ပြုံးရမတဲ့ ။ ပြုံးရမည့် အရာ တည်ရမတဲ့ ။ အခု အမေမရှိတာ တော်ပါသေးရဲ့ ။

ဟယ်လင်သည် အားလုံး၏ ဩဘာသံများ ဆုံးအောင် ယဉ်ကျေးစွာ ရပ်စောင့်သည် ။ အားလုံး ငြိမ်သွားမှ မျက်လုံးလေး မှေးကာ သီချင်း စဆိုလေသည် ။

ကြည့်ပါဦး၊ သည် လိုဆိုတော့လည်း မီးကို ရေနှင့်ငြိမ်း၊ ဟယ်လင်၏ "ပြန်လမ်းမရှိသော မြစ်" တေးသွားမှာ အားလုံး မျောပါသွားကြ၏။ ပြန်လမ်းမရှိသော မြစ်ရုပ်ရှင်က ရုံတင်ပြီးကာစ ဖြစ်သည် ။ အားလုံးနှုတ်ဖျားမှာ မာရီလင်မွန်ရိုး၏ တေးကို နှုတ်တက် ရွရွတမ်းက သီဆိုနေကြချိန် ဖြစ်သည် ။ ဟယ်လင်ကလည်း အဆိုကောင်း၊ အင်္ဂလိပ် စကားလုံးလည်း ပီသည် ။ ပြီးတော့ ဘာခေါ်မလဲ၊ ခံစားချက် ... အဲ ခံ

စားချက်ကိုလည်း ပြည့်ပြည့်ဝဝ ထည့်ဆိုနိုင်သည် ။ ရတနာသူများ ငိုင်နေကြ၏။

နှင်းရင်ထဲမှာ လည်း ဟိုတယ်မှာ ဂစ်တာတီး၍ တေးညည်းရင်း ဝမ်းစာရှာရသော မွန်ရိုး၏ ပုံကို မြင်နေသည် ။ ဖောင်တစ်စင်းနှင့် ရေစီးသန်သော မြစ်ပြင်မှာ ရုန်းကန်ရသည့် မွန်ရိုးကို မြင်နေသည် ။ ချစ်သူနှင့် ရင်နင့်စွာ ကွေကွင်းရသော မွန်ရိုးကို မြင်နေသည် ။

'ကျေးဇူးတင်ပါတယ်'

ဟယ်လင် စကားပြောလိုက်မှ ပြန်လမ်းမရှိသော မြစ်ပြင်မှ အားလုံး နိုးထလာကြသည် ။ လက်ခုပ်သြဘာ ပေးကြရသည် ။

'ဟယ်လင် အိတ်စလန့်'

ဟယ်လင် အကောင်းဆုံးပါပဲဟု ချီးကျူးသံများ ထွက်လာသည် ။ ပြုံးမြမြ မျက်နှာနှင့် ဟယ်လင် ပြန်လျှောက်လာ၏။ အောင်မြင်သော လူတစ်ဦး၏ လမ်းလျှောက်ဟန်ကို ဟယ်လင့်ထံမှာ ထင်ထင်ရှားရှား တွေ့နေရလေသည် ။

နှင်းသည် လှိုက်ကနဲ အားငယ်နေမိ၏။

နှင်းလည်း သီချင်း ဆိုချင်လိုက်တာ ...

တကယ်ပါ။ နှင်း သိပ်သီချင်း ဆိုချင်ပါသည် ။ အိမ်မှာ ဆိုလျှင် နှင်းက သီချင်းကို အော်ဆိုနေကျ။ အမေက စကားအော်ပြောတာ မကြိုက်ပေမယ့် သီချင်းအော်ဆိုတာကျ ဘာမှ မပြော။ နှင်းတို့ အညာအိမ်များသည် ခြေတံရှည်များ ဖြစ်၏။ အိမ်အောက်ထပ်ကို ဘာမှ ကာရံမထား။ အိမ်အောက်ထပ်သည် ကလေးများ ကစားကွင်း။ နှင်းအဖေသည် အိမ်တိုင်များကို ကျွန်းတိုင်လုံးချော ကြီးများ ဖြင့် ဆောက်ထားသဖြင့်

တိုင်ပြောင်းတမ်း ကစား၍ အလွန်ကောင်းသည် ။ ပြီးတော့ တိုင်နှစ်တိုင်ကြား ယက်မမှာ အုန်းဆံကြိုးချည်ပြီး ဒန်းဆင်ပေးထားသည် ။ သည် ဒန်းပေါ်မှာ စီးရင်း နှင်း သီချင်းဆိုတတ်၏။ ပွဲထဲမှာ ဒန်းစီးမောင်နှမဇာတ်ကို နှင်း ကြည့်ဖူးသည် လေ။ ဒန်းစီးမောင်နှမ ဒန်းစီးရင်း သီချင်းဆိုခန်းကို ဘယ်လိုစွဲလမ်းမှန်းမသိ။ ပွဲထဲမှာ တော့ မင်းသမီးနှင့် မင်းသားသည် ခေါင်းမှာ ရှန်ပန်းနီများ ချည်ထား၏။ နတ်စိမ်းဘ၀ ဆိုလား၊ ပန်းတွေလည်း ပန်လို့ ။ ပြီးတော့ သူတို့ စီးသော ဒန်းမှာ ကြိုးတစ်လျှောက်လုပသော ပန်းတွေနှင့် ခြယ်မှုန်းထားသည် ။ ထို့ကြောင့် … နှင်းက နှင်းစီးသည့် ဒန်းကြိုးမှာ ခြံထဲမှ နှင်းဆီပန်းများကို တိတ်တိတ်ခူးပြီး ဟိုတစ်ပွင့် သည် တစ်ပွင့် ချည်ထားလိုက်သည် ။ အမေ မြင်သောအခါ ရင်ဘတ်စည်တီး၏။ တော်ပါသေး၏။ နှင်းကို ခေါင်းမခေါက်။ ကောင်မလေးတောက်တီးတောက်တဲ့ ။ မလုပ်ကောင်း လုပ်ကောင်း ဟု သာ ဆိုပြီးပန်းတွေ ပန်းတွေ သိမ်းသွားသည် ။ ဒန်းစီးရင်း သီချင်းဆို၍ ရိုးသွားသောအခါ နှင်းသည် အိမ်နောက်ဘက်ရှိ မန်ကျည်းပင်ကြီးပေါ် တက်၍ဆိုလေသည် ။ အဓိပ္ပာယ်ကတော့ တစ်ရွာလုံး နှင်း တေးသံကို ကြားနိုင်ရန် ဖြစ်ပါ၏။

သည် လို … သည် လို သမိုင်းနှင့်လာသော နှင်းပေပဲ။

အခု … ရတနာ၏ သစ်လွင် ကြိုဆိုပွဲမှာ … ခုထိ သီချင်းမဆိုရသေး။

ခက်သည် က … စတင်ရန်ပါ။

ကျွန်မ သီချင်းဆိုချင်တယ်ဟု ကိုယ့်ကိုယ်ကို အဆိုတင်သွင်းစရာကောင်းသော ကိစ္စမှ မဟုတ်ပေဘဲ။ ကိုယ့်အကြောင်းသိသူ အများ စုက ဖြစ်စေ၊ တစ်ဦးဦးက ဖြစ်စေ ယဉ်ယဉ်ဆွေကို တွန်းပို့သလို တွန်းပို့မှ ဟာကိုး။

ခက်ပုံက … နှင်း သီချင်းဆိုတတ်မှန်း ဘယ်သူမှ မသိကြ။ သိဖို့ လည်း မလွယ်။ အဆောင် ရောက်လာမှ တစ်ပတ်ပဲ ရှိသေးသည် ။ ရောက်ပြီဆို … ရှင်းရ လင်းရ။ ပြေးရ လွှားရ။ အတန်းတက်ရ။ ဘယ်မှ အေးအေးဆေးဆေး တွေ့ကြရသေးလို့ တုန်း။

ပြီးတော့ နှင်းက တစ်ယောက်တည်း။ နှင်းတို့ မြို့သူများက သည် အဆောင်မှာ တစ်ယောက်မှ မရှိ။ အားလုံး သီရိမှာ ရကြသည် ။ နှင်းသာ ဘယ့်နှယ် ရတနာ ရောက်လာမှန်း မသိ။ ခုတော့ … ကိုယ့်ကို ပို့ပေးမည့် သူ မရှိ။ အတော် အခက်ကြုံနေရလေသည် ။

'ရှူး'

နှင်း နားကပ်၍ ရှူးသံ ကြားလိုက်ရ၏။

စားပွဲခုံပေါ် တင်ထားသော နှင်းလက်ဖျံကိုလည်း လက်သည်းချွန်တစ်ခုဖြင့် ထိုးခြင်းခံလိုက် ရလေသည် ။ လက်သည်းချွန်ပိုင်ရှင် ရှူးပိုင်ရှင်ကို လှည့်ကြည့်ရ၏။

ဖြူဖြူဖွေးဖွေး မျက်နှာလေး။ ဘဲဥပုံသွယ်သွယ် ဖောင်းဖောင်းလေး။ ပြီးတော့ … ပြုံးပြုံးလေး။

'ယူ ဟိုညနေက … ကော်ရစ်တာမှာ ငေးရင်း ဆိုနေတဲ့ သီချင်းလေ၊ လွမ်းလိုက်တာ ဆိုတာလေ … အဲဒါ သိပ်ကောင်းတယ်'

နှင်း ချက်ချင်း သိလိုက်ပါသည် ။

'လွမ်းသလေ မောင်ကြီး' ဟု နှင်း တမ်းတမ်းတတ ဆိုတတ်သော ရွှေပြည်တော်သီချင်း။ ဟုတ်သည် ။ အဆောင်ရောက်ပြီး နောက်တစ်နေ့ ။ အိမ်လွမ်းစိတ်နှင့် အပြင်ဘက် အင်းလျားကန်ကို ငေးရင်း အင်းလျားကန်ကို ဧရာဝတီ အမှတ်ထားကာ၊ ဧရာဝတီကမ်းမှ ထိုင်လေ့ရှိသည့်

မောင်ကြီး တစ်ယောက်ကို တမ်းတပြီး ဆိုခဲ့မိလေသည် ။

'အဲဒါ ဆိုပါလား'

သူက တိုးတိုးလေး ပြောနေခြင်းဖြစ်၍ ကိုယ်က ဘယ်လို ထဆိုရပါ့မလဲ။ ဒါကြောင့် 'တစ်ယောက်ယောက်က လူသိရှင်ကြား တောင်းဆိုမှ ဖြစ်မှာ ' ဟု ဆန္ဒပြုလိုက်ရသည် ။ မတတ်နိုင်။

'အဲလိုဆို ... မမနွဲ့ ထပြောပါလား'

သူလည်း ထပြီး အဆိုပြုရဲဟန်မရှိ။ မမနွဲ့ဆိုသူကို လက်ကုတ်သည် ။

မမနွဲ့ခေါ်သော အသက် ခပ်ကြီးကြီး၊ ခပ်ရှင်ရှင် ကျောင်းသူက နှင်းကိုပြုံးကြည့်ကာ ဗြုန်းဆို ထလိုက်သည် ။

'ခု ဆက်လက်ပြီး ... အိမ်လွမ်းနေတဲ့ ကျောင်းသူများ အတွက် အလွမ်းပြေ တေးတစ်ပုဒ်ကို သီဆိုပါလိမ့်မယ်'

ပြောကာ နှင်းကို ချိုင်းမှ လာမလေသည် ။

လိုလိုချင်ချင် ဖြစ်ပါလျက် နှင်းက မလွှဲသာ၍ ထရသလို ထသည် ။ သည် နေရာ၌ ယဉ်ယဉ်ဆွေလို ရှက်ကိုးရှက်ကန်း မျက်နှာလေးနှင့်မှ ကြည့်ကောင်းမည်ဟု တွေးလိုက်ကာ ရှက်ကိုး ရှက်ကန်း မျက်နှာပေးကို လုပ်ကြည့်၏။ မရ။ နှင်း မရှက်တတ်ချေ။ အမေက သင်ထားသည် ။ သူများ ပစ္စည်းခိုးရင်ရှက်၊ သူများ ယောကျ်ားခိုးရင်ရှက်။ လိမ်ပြောရရင်ရှက်။ တခြား ဘာမှ ရှက်စရာ မလိုဘူးတဲ့ ။

မရှက်တတ်သော မျက်နှာနှင့် နှင်း ရှေ့ရောက်လာသည် ။ စကားစပြောမည် ကြံသည် ။ လူတွေထဲ စကားပြောရမှာ လည်း နှင်း မရှက်ပါ။ ခုနစ်တန်း ကျောင်းသူဘဝကတည်းက ကျပန်း စကားပြောပွဲ၊ စ

ကားရည်လုပ္ပွဲများ နွှဲနေကျ။

'ကျွန်မ နာမည် နှင်းပါ၊ အခန်းနံပါတ် ၅၄၊ ဇာတိက ကချင်ပြည်နယ် ရွှေကူမြို့ပါ၊ ခု … ကျွန်မကို သီချင်းဆိုစေချင်တဲ့ သူငယ်ချင်းက အလွမ်း သီချင်းလို့ ဆိုတဲ့ အတွက် ကျွန်မ အင်မတန် နှစ်သက်တဲ့ 'ရွှေပြည်တော် သည် ' ကို ဆိုပ့ါမယ်၊ မဟာဂီတ သီချင်းကြီးမို့ ပျင်းစရာ ကောင်းတယ် ထင်ရင် ခွင့်လွှတ်ကြပါ'

အတော် ဟုတ်သွားသည် ။ ပရိသတ်သည် ငြိမ်သွားကျသွား၏။ ကို နေဝင်းကို မသိမသာ ငဲ့ကြည့်တော့ ခေါင်းတညိတ်ညိတ် လုပ်နေသည် ကို မြင်ရသဖြင့် နှင်း အားတက်သွားလေသည် ။

ဆရာ့ကို မြင်ယောင်လိုက်၏။

နှင်းတို့ အလယ်တန်းတုန်းက သင်္ချာဆရာ ဦးသိန်းဖေသည် တယော သမား ဖြစ်၏။ ကျောင်း ပဒေသာကပွဲ လုပ်တိုင်း ဆရာ ဦးဆောင်ရသည် ။ နှင်းတို့ သည် ဆရာ့ထံ၌ သင်္ချာဘာသာရပ်အပြင်၊ သီချင်းကြီး သီချင်းခ န့်များကိုပါ သင်ယူခဲ့လေသည် ။ အခု ဆရာ့ ကျေးဇူးကို အောက်မေ့လို က်၏။

ဟုတ်တာ မဟုတ်တာ အပထား၊ အိုင်တင်ကိုတော့ အပြည့်တင်ထား လိုက်သည် ။ ရွှေပြည်တော်သည် ကို … စတည်လိုက်၏။

… ရွှေပြည်တော်သည် … မောင်မယ် တူညီမြန်း … ဘယ်ဝယ်မှန်း … လှမ်းနိုင်ပြီ … လှမ်းနိုင်ပြီ"

ရတနာသူများကား အထင်သေး၍ မဖြစ်။

စောစောတုန်းက မာရီလင်မွန်ရိုး၏ ပြန်လမ်းမရှိသောမြစ်ကို ခံစား တတ်ကြသကဲ့သို့ ယခု နှင်း၏ မတောက်တခေါက်မျှသော စည်းဝါးမညီ

သော သို့သော် မဟာဂီတဟု ကြီးကြီးကျယ်ကျယ် မှွန်းထားသော "ရွှေပြ ည်တော်သည် " ကိုလည်း ခံစားတတ်ကြပါ၏။

"ကျားခြသေ့်ပေါင်း၊ အောင်ကြကိုယ်စီ" ပြီးမှ ပဲ ပရိသတ်ခေါင်းဖော် လာကြတော့၏။ နိုးထ လာကြတော့၏။ (သည် အကြောင်း နှင်းက ဂုဏ် ယူပြီး ပြန်ပြောလျှင် နောင်အခါ သူငယ်ချင်း အရင်းကြီးဖြစ်လာသော ခ င်ခင်သောင်းက အားလုံး အိပ်ပျော်သွားကြတာလေဟု ရွှတ်နောက်တတ် လေသည် ။)

ပရိသတ်ကို ခေါင်းညွှတ်ကိုယ်ညွှတ် လက်အုပ်ချီကာ နှုတ်ဆက်ပြီး အောင်မြင်စွာ ပြန်လျှောက်လာသော နှင်းကို စောစောက လက်သည်းချွ န်နှင့် ထိုးခဲ့သူ အမျိုးသမီးက ရွှန်းရွှန်းစားစား ကြည့်ရင်း ...

'ကိုယ့်နာမည်က သွယ်ပါ' ဟု မိတ်ဆက်သည် ။

ထိုမှ နေ၍ 'မိသွယ်' ကို သိခဲ့ရခြင်း ဖြစ်ပါ၏။

***